# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန် – အပိုင်း(၁)

## "မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ"

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၇) ရက်

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | အထွေထွေ ရွေးကောက်ပွဲကို ကျင်းပရာတွင် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ အခန်းကဏ္ဍ | ၁ |
| ၂။ | ရွေးကောက်ပွဲဆိုင်ရာကျန်းမာရေးအထောက်အကူပြုကော်မတီများဖွဲ့စည်း ဆောင်ရွက်ခြင်း | ၁ |
| ၃။ | မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန် အချက်များ | |
| | (က) လှည့်လည်မဲဆွယ်စည်းရုံးရာတွင် လိုက်နာရန်အချက်များ | ၁၀ |
| | (ခ) ပြင်ပနေရာများ၊ အဆောက်အဦများအတွင်း မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန် အချက်များ | ၁၂ |
| | (ဂ) အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရန်အချက်များ | ၁၃ |
| | (ဃ) အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန် အချက်များ | ၁၄ |

# အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါ

# ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန် – အပိုင်း(၁)

## "မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ"

**၁။ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အခန်း ကဏ္ဍ**

(၂၀၂၀) ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲ ကော်မရှင်အား လိုအပ်သည့် အကြံပြုချက်များပေးခြင်း၊ ရောဂါကာကွယ်ရေး လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် မဲရုံတာဝန်ကျ ဝန်ထမ်းများအား သင်တန်းပေးလေ့ကျင့်ခြင်း၊ ပြည်သူလုထုအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နှီးနွှယ်ဌာနဆိုင်ရာများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းများ၊ မဲရုံတာဝန်ကျဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဤလုပ်ငန်း လမ်းညွှန်အား ပြုစုရေးသားခြင်း ဖြစ်ပါသည်။

**၂။ ရွေးကောက်ပွဲဆိုင်ရာကျန်းမာရေးအထောက်အကူပြုကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း**

(က) အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် COVID-19 ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသဖြင့် ဗဟိုအဆင့်မှ မြို့နယ်အဆင့်အထိ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားရှိပြီးဖြစ်ပါသည်–

**(က–၁) ဗဟိုအဆင့်ကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး(ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး(ကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>(ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>(အပြည်ပြည်ဆိုင်ရာကျန်းမာရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | တွဲဖက်<br>အတွင်းရေးမှူး |

(က-၂)တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီ

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဆေးရုံအုပ်ကြီးများ(သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရှိ ခုတင်(၂၀၀)နှင့်အထက် ဆေးရုံကြီးများ) | အဖွဲ့ဝင် |
| (၃) | ဒုတိယတိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး<br>တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၄) | ဒုတိယတိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူး<br>တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာန | တွဲဖက်<br>အတွင်းရေးမှူး |

(က-၃) ခရိုင်အဆင့်ကော်မတီ

| | | |
|---|---|---|
| (၁) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး<br>(သို့မဟုတ်)<br>ခရိုင်ဆေးရုံအုပ်ကြီး<br>ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဆေးရုံအုပ်ကြီးများအားလုံး<br>(သက်ဆိုင်ရာခရိုင်အတွင်းရှိ ခုတင် (၁၀၀)နှင့်အထက် ဆေးရုံကြီးများ) | အဖွဲ့ဝင် |
| (၃) | အဖွဲ့ခေါင်းဆောင်ဆရာဝန်(ရောဂါနှိမ်နင်းရေး)<br>ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

(က-၄) မြို့နယ်အဆင့်ကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး<br>မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |

(၂) သက်ဆိုင်ရာမြို့နယ်မှ တိုက်နယ်ဆရာဝန်များအားလုံး အဖွဲ့ဝင်

(၃) ဦးစီးအရာရှိ(သူနာပြု) အဖွဲ့ဝင်

(၄) သက်ဆိုင်ရာမြို့နယ်မှ လက်ထောက်ကျန်းမာရေးမှူးများ အဖွဲ့ဝင်
အားလုံး

(၅) မြို့နယ်ကျန်းမာရေးမှူး/ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) အတွင်းရေးမှူး
မြို့နယ်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန

(ခ) ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ကော်မတီအဆင့်ဆင့်အား အောက်ပါအတိုင်း လုပ်ငန်းတာဝန် သတ်မှတ်တာဝန်ပေးထားပါသည် -

- ဖွဲ့စည်းထားသော ကော်မတီအဆင့်ဆင့်သည် မဲဆွယ်စည်းရုံးရေးပြုလုပ်သည့် ကာလတွင်လည်း ကျန်းမာရေးနှင့်ပတ်သက်သည့် လိုအပ်သော အထောက်အကူပေးရပါမည်။

**ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီ (ဗဟိုအဆင့်)၏ လုပ်ငန်းတာဝန်များ -**

(၁) **ရွေးကောက်ပွဲ မကျင်းပမီကာလ**

(၁-က) ရွေးကောက်ပွဲကျင်းပရာတွင် COVID-19 ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်မည့်သူများ၊ မီဒီယာများအနေဖြင့် မဲပေးရာတွင် ကျန်းမာရေးအတွက် လိုက်နာ ဆောင်ရွက်ရမည့်ကိစ္စရပ်များအား သေချာစွာ သိရှိနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁-ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်မည့် လုံခြုံစိတ်ချရသော မဲပေးခြင်းနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်အတွက် လိုအပ်မည့် အကြံပြုချက်များအား ပံ့ပိုးခြင်း၊

(၁-ဂ) ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပါတီကိုယ်စားလှယ်များ၊ လေ့လာ စောင့်ကြည့်မည့်သူများ၊ မီဒီယာများအနေဖြင့် ရွေးကောက်ပွဲ ကျင်းပ ရာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရမည့် လုပ်ငန်း လမ်းညွှန် ထုတ်ပြန်ရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ခြင်း၊

(၁-ဃ)မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ပြည်ထောင် စုရွေးကောက်ပွဲကော်မရှင်မှ သင်တန်းပေးရာတွင် ကျန်းမာရေးကိစ္စ ရပ်များနှင့်ပတ်သက်သည့် လိုက်နာရမည့်အချက် အလက်များအား ဆွေးနွေးပို့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၁-င) မဲစာရင်း ကပ်ရာတွင်လည်းကောင်း၊ မဲရုံများအား ပြင်ဆင်ရာတွင် လည်းကောင်း COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် Social Distancing နှင့် လျော်ညီသည့် အခင်းအကျင်းများ ဖြစ်စေရေး ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ အကြံပြုချက်များပေးခြင်း၊

(၁-စ) နိုင်ငံအတွင်းရှိ ဒေသအလိုက်နှင့် မြို့နယ်အလိုက် COVID-19 ရောဂါ ဖြစ်ပွားမှုအပေါ် မူတည်၍ ရွေးကောက်ပွဲဆောင်ရွက်မည့် အစီအစဉ် များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ထုတ်ပြန် နိုင်ရေးအတွက် အကြံပြုချက်များပေးခြင်း၊

(၁-ဆ)Quarantine ဝင်ရောက်နေသူများနှင့် အခြားကြိုတင်မဲပေးခွင့်ရှိသူ များအား COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်အညီ မဲပေးနိုင် ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုခြင်း၊

(၁-ဇ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲ တာဝန်ကျဝန်ထမ်းများအတွက် Mask, Face shield, Glove လိုအပ်ချက်များ၊ မဲရုံများတွင်ထားရှိရမည့် ရေမလို လက်သန့် စင်ဆေးရည် လိုအပ်ချက်များတွက် ချက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ အကြံပြုချက်များပေးခြင်း၊

(၁-ဈ) မဲပေးရန်လာရောက်မည့်သူများအား မဖြစ်မနေ Mask တပ်ဆင်ရန်နှင့် ရေမလိုလက်သန့်စင်ဆေးရည်များ စနစ်တကျ အသုံးပြုနိုင်ရေး အတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁-ည)မဲပေးရာတွင်လိုက်နာရမည့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက် ထုတ်ပြန်ရာတွင် နည်းပညာပံ့ပိုးခြင်း။

(၂) **ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလ**

(၂-က)မဲပေးမည့်နေ့တွင် မဲရုံအတွင်းရှိရမည့် ပါတီကိုယ်စားလှယ်များ၊ လေ့လာသူများ၊ မီဒီယာများ လူအရေအတွက်အား မဖြစ်မနေရှိရမည့် အရေအတွက်သာ ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုခြင်း၊

(၂-ခ) မဲပေးရန် လာရောက်သူများတွင် COVID-19 သံသယလက္ခဏာရှိသူများ ပါရှိပါက လုပ်ဆောင်မည့် လုပ်ငန်းလမ်းညွှန်များအား ကြိုတင်ပြုစုဆောင်ရွက်ခြင်း၊

(၂-ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပါက ချက်ချင်းသတင်းပို့၍ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် သတင်းပို့လမ်းကြောင်းနှင့် Emergency Operation Center ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(၂-ဃ)မဲရုံနှင့် မဲရုံသုံးပစ္စည်းများအား ရွေးကောက်ပွဲမကျင်းပမီ အကြိုတစ်ရက်နှင့် ရွေးကောက်ပွဲကျင်းပပြီး နောက်နေ့တွင် ပိုးသန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများဆောင်ရွက်ခြင်း၊

(၂-င) ရွေးကောက်ပွဲနှင့်ဆက်စပ်၍ COVID-19 ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂-စ) ရွေးကောက်ပွဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(၂-ဆ)ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များအား ထမ်းဆောင်ခြင်း။

ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီ (တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်)များ၏ လုပ်ငန်းတာဝန်များ –

(၃) ရွေးကောက်ပွဲ မကျင်းပမီကာလ

(၃-က) ရွေးကောက်ပွဲကျင်းပရာတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်မည့်သူများ၊ မီဒီယာများအနေဖြင့် မဲပေးရာတွင် ကျန်းမာရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား သေချာစွာ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းထားသော ကော်မတီတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃-ခ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်မည့် လုံခြုံစိတ်ချရသော မဲပေးခြင်းနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်အား ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုမှ သိရှိလိုက်နာ ဆောင်ရွက်ရေး အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃-ဂ) မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်မည့်သူများ၊ မီဒီယာများအနေဖြင့် ရွေးကောက်ပွဲကျင်းပရာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရမည့် လုပ်ငန်းလမ်းညွှန်အား ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(၃-ဃ) မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သင်တန်းပေးရာတွင် ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လိုက်နာရမည့် အချက်အလက်များအား ဆွေးနွေးပို့ချနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၃-င) မဲစာရင်း လာကြည့်ရာတွင် လည်းကောင်း၊ မဲရုံများအား ပြင်ဆင်ရာတွင် လည်းကောင်း၊ COVID-19 ကာကွယ် ထိန်းချုပ်ရေးအတွက် Social Distancing နှင့်လျော်ညီသည့် အခင်းအကျင်းများ ဖြစ်စေရေး အကြံပြုခြင်း နှင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်ခြင်း၊

(၃-စ) Quarantine ဝင်ရောက်နေသူများနှင့် အခြားကြိုတင်မဲပေးခွင့်ရှိသူများအား COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်အညီ မဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ၊ အခြား အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃-ဆ) ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲ တာဝန်ကျဝန်ထမ်းများအတွက် Mask, Face shield, Glove လိုအပ်ချက်များ၊ မဲရုံများတွင် ထားရှိရမည့် Hand Gel လိုအပ်ချက်များ တွက်ချက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင် ရာ အကြံပြုချက်များပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃-ဇ) မဲပေးရန် လာရောက်မည့်သူများအား မဖြစ်မနေ Mask တပ်ဆင်ရန်နှင့် ရေမလိုလက်သန့်စင်ဆေးရည်များ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများအား သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃-ဈ) သံသယ လူနာတွေ့ရှိခဲ့ပါက မည်သို့ဆက်လက် ဆောင်ရွက်မည်ကို ကြိုတင် စီစဉ်ထားခြင်း။

## (၄) ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလ

(၄-က) မဲပေးမည့်နေ့တွင် မဲရုံအတွင်းရှိရမည့် ပါတီကိုယ်စားလှယ်များ၊ လေ့လာသူ များ၊ မီဒီယာများ လူအရေအတွက်အား မဖြစ်မနေရှိရမည့် အရေအတွက်သာ ခွင့်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းထားသော ကော်မတီ များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄-ခ) မဲပေးရန် လာရောက်သူများတွင် COVID-19 သံသယလက္ခဏာရှိသူများ ပါရှိပါက လုပ်ဆောင်မည့် လုပ်ငန်းလမ်းညွှန်များအတိုင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄-ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့၍ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(၄-ဃ)မဲရုံနှင့် မဲရုံသုံးပစ္စည်းများအား ရွေးကောက်ပွဲမကျင်းပမီအကြို တစ်ရက်နှင့် ရွေးကောက်ပွဲကျင်းပပြီး နောက်နေ့တွင် ပိုးသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ခြင်း၊

(၄-င) ရွေးကောက်ပွဲနှင့်ဆက်စပ်၍ COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄-စ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များအား ထမ်းဆောင်ခြင်း။

၃။ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ

မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မှ ထုတ်ပြန်ထားရှိသော အမိန့်နှင့် ညွှန်ကြားချက်များ၊ ထပ်မံထုတ်ပြန်မည့်အမိန့်နှင့်ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း COVID-19 ရောဂါဖြစ်ပွားမှုပေါ် မူတည်၍ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။

နေအိမ်တွင်နေထိုင်ရေး (Stay at home) အစီအစဉ် သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာဒေသများတွင်လှည့်လည်မဲဆွယ်စည်းရုံးခြင်း၊ ပြင်ပနေရာများ၊ အဆောက်အဦများအတွင်း မဲဆွယ်စည်းရုံးခြင်း၊ အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်း မပြုရ။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆွယ်စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) လှည့်လည်မဲဆွယ်စည်းရုံးရာတွင် လိုက်နာရန်အချက်များ

(၁) လှည့်လည်မဲဆွယ်စည်းရုံးရာတွင် လူ(၄)ဦးထက်ပို၍ စီးနင်းနိုင်သော မော်တော်ယာဉ် (လူ၂၅ဦးဆံ့/၄၅ဦးဆံ့ ဘတ်စ်ကား၊ မီနီဘတ်စ်၊ လိုက်ထရပ် စသည်...)တို့တွင် မော်တော်ယာဉ် အမျိုးအစားအလိုက် အများဆုံး တင်ဆောင်နိုင်သည့် လူဦးရေ၏ ထက်ဝက်သာ Social Distancing မူများနှင့်အညီ လိုက်ပါစီးနင်းရန်၊

(၂) ကိုယ်စားလှယ်လောင်းများသည် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် မျက်နှာအကာ(Face Shield)ကို အမြဲတမ်းတပ်ဆင်ထားရန်၊ မဲဆွယ်ရာတွင် လိုက်ပါသူများသည် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)များ အမြဲတမ်းဝတ်ဆင် အသုံးပြုရန် နှင့် အယ်လ်ကိုဟောအနည်းဆုံး (၆၀) ရာခိုင်နှုန်း ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏ လက်သန့်စင်ခြင်းအားပြုလုပ်ရန်၊

(၃) စည်းရုံးရေးလိုက်ပါမည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် (၃၈) ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) (၁၀၀.၄) ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/မရှိ၊ လွန်ခဲ့သော (၁၄)ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွား ရာဇဝင်ရှိ/မရှိနှင့် COVID-19 ရောဂါဓါတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်း စစ်ဆေးပြီး မရှိမှ လိုက်ပါခွင့်ပြုရန်၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)တပ်ရန်၊

(၄) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများအား မဲဆွယ်စည်းရုံးရေး လုပ်ငန်း များတွင် လုံးဝလိုက်ပါခြင်း မပြုရ၊

(၅) မဲဆွယ်စည်းရုံးရာတွင် လူစုလူဝေးမဖြစ်စေရေးကို အဓိကဦးတည်ဆောင်ရွက် ပေးရန်၊

(၆) Social Distancing မူအား တိကျစွာလိုက်နာ၍ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် မဲဆွယ်စည်းရုံးသည့် ကာလ တစ်လျှောက်လုံးတွင် ဆောင်ရွက်ရန်၊

(၇) ရပ်နား၍ နောက်တစ်ကြိမ် (သို့မဟုတ်) နောက်တစ်နေရာ၌ ဟောပြောလျှင် နေရာအကျယ်အဝန်းပေါ်မူတည်၍ လူ(၅၀)ဦးထက်မပိုဘဲ ဆောင်ရွက်ရန်၊

(၈) မဲဆွယ်စည်းရုံးသူများအနေဖြင့် ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း လုံးဝ မပြုရ၊

(၉) မဲဆွယ်စည်းရုံးရာတွင် ဟောပြောခြင်း၊ မိန့်ခွန်းပြောခြင်း၊ သီချင်းဖြင့် ဖျော်ဖြေ ခြင်းတို့အတွက် မော်တော်ယာဉ်ပေါ်တွင် တပ်ဆင်ထားသော စပီကာအား အသုံးပြုရန်၊

(၁၀) မဲဆွယ်စည်းရုံးရာတွင် တတ်နိုင်သမျှ လူတစ်ဦးချင်းစီအတွက် သီးသန့် မိုက်ခရိုဖုန်း အသုံးပြုရန်၊

(၁၁) အသုံးပြုပြီး ပစ္စည်းများ၊ အမှိုက်များအား စနစ်တကျ စွန့်ပစ်ရန်၊

(၁၂) လိုက်ပါမည့်သူများအနက် မဲဆွယ်စည်းရုံးမည့်ကာလတစ်လျှောက်လုံး၌ တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံး

ခြင်းစသည့် COVID- 19 ရောဂါ သံသယလက္ခဏာများပေါ်ပေါက်ပါက အနီးဆုံး ကျန်းမာရေးဌာနသို့ သွားရောက် ပြသရန်၊

**(ခ) ပြင်ပနေရာများ၊ အဆောက်အဦများအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ**

(၁) မဲဆွယ်စည်းရုံးရာတွင် Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် (၃၈) ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) (၁၀၀.၄) ဒီဂရီ ဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/မရှိ၊ လွန်ခဲ့သော (၁၄)ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွား ရာဇဝင်ရှိ/မရှိနှင့် COVID-19 ရောဂါ ခါတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်း စစ်ဆေးပြီး မရှိမှ လိုက်ပါခွင့်ပြုရန်၊

(၂) မဲဆွယ်စည်းရုံးခြင်းအား တတ်နိုင်သမျှ အလုံပိတ်/တံခါးများပိတ်ထားသော အခန်းများအတွင်း ဆောင်ရွက်ခြင်းမပြုဘဲ တံခါးများဖွင့်၍လည်းကောင်း၊ လေဝင်လေထွက်ကောင်းသောနေရာများတွင်လည်းကောင်း၊ ကွင်းပြင်များတွင်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(၃) Social Distancing မူအားတိကျစွာလိုက်နာ၍ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် ဆောင်ရွက်ရန်၊ အခြေခံအားဖြင့် လူတစ်ဦးလျှင် (၃၆)စတုရန်းပေနှုန်းဖြင့် နေရာစီမံဆောင်ရွက်ရန်၊

(၄) မဲဆွယ်စည်းရုံးခြင်း အခမ်းအနားကျင်းပရာတွင် နေရာအကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် အများဆုံး လူ(၅၀)ဦးထက်မပိုဘဲ Social Distancing မူနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်၊

(၅) တက်ရောက်လာသူများအားလုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေ အမြဲတမ်း တပ်ဆင်ရန်၊

(၆) လာရောက်သူများအားလုံး အသုံးပြုနိုင်ရေးအတွက် အယ်လ်ကိုဟော အနည်းဆုံး (၆၀)ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်ဆေးရည်များ ထားရှိရန် သို့မဟုတ် ဖြစ်နိုင်ပါက လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာတို့ကို အသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ဆေးကြောနိုင်ရေး အသင့်ပြင်ဆင် ထားရှိရန်နှင့်

အမှိုက်များ စွန့်ပစ်ရန်အတွက် အဖုံးပါသော အမှိုက်ပုံးထားရှိပြီး စနစ်တကျ စွန့်ပစ်ရန်၊

(၇) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများအား စည်းရုံးရေးလုပ်ငန်းများတွင် လုံးဝ လိုက်ပါစေခြင်း မပြုရန်၊

(၈) မဲဆွယ်စည်းရုံးရာတွင် လူတစ်ဦးချင်းစီအတွက် သီးသန့် မိုက်ခရိုဖုန်းအား အသုံးပြုရန်၊

(၉) မဲဆွယ်စည်းရုံးသူများအနေဖြင့် ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရ၊

**(ဂ) အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရန် အချက်များ**

(၁) Live Stream အား နားထောင်မည့် နေရာများတွင် Social Distancing မှုအား တိကျစွာလိုက်နာ၍ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် ဆောင်ရွက်ရန်၊ လူတစ်ဦးလျှင် (၃၆) စတုရန်းပေ နှုန်းဖြင့် နေရာ စီမံဆောင်ရွက်ရန်၊

(၂) နေရာအကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ(၅၀)ဦးထက်မပိုဘဲ ဆောင်ရွက်ရန်၊

(၃) လာရောက်မည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် (၃၈) ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) (၁၀၀.၄) ဒီဂရီ ဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/မရှိ၊ လွန်ခဲ့သော (၁၄)ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွား ရာဇဝင်ရှိ/မရှိနှင့် COVID-19 ရောဂါ ဓါတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်း စစ်ဆေးပြီး မရှိမှ တက်ရောက်ခွင့်ပြုရန်၊

(၄) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများ လုံးဝ မလာရ၊

(၅) Live Stream ပြုလုပ်မည့်နေရာအား လေဝင်လေထွက် ကောင်းမွန်စေရေး တံခါးများ ဖွင့်၍ စီစဉ်ထားရှိရန်၊ အလုံပိတ်အခန်းများတွင် မပြုလုပ်ရန်၊

(၆) လာရောက်သူများအားလုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် မျက်နှာအကာ (Face Shield) မဖြစ်မနေ တပ်ဆင် ဆောင်ရွက်ရန်၊

(၇) လာရောက်သူများအားလုံး အသုံးပြုနိုင်ရေးအတွက် အယ်လ်ကိုဟော အနည်းဆုံး (၆၀) ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်ဆေးရည်များ ထားရှိရန်၊ (သို့) လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာ၊ ဘေစင်တို့ ပြင်ဆင် ထားရှိရန်၊

(၈) နေရာအလိုက်တက်ရောက်သူစာရင်းအားပြုစုထားပြီး တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနသို့ သတင်းပေးပို့ရန်၊

**(ဃ) အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရန် အချက်များ**

(၁) အိမ်တိုင်ရာရောက် (Door to door) မဲဆွယ်စည်းရုံးရေး ဆင်းသောအဖွဲ့များတွင် လူဦးရေ(၁၅)ဦးထက်မပိုရန်၊ Social Distancing မှုကို လိုက်နာဆောင်ရွက်ရန်၊

(၂) မဲဆွယ်စည်းရုံးမည့်သူအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာအကာ (Face Shield) များ ဝတ်ဆင်၍ အယ်လ်ကိုဟော အနည်းဆုံး (၆၀) ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်ဆေးရည် (Hand Sanitizer) အသုံးပြုရန်၊

(၃) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာများ ရှိပါက မဲဆွယ်စည်းရုံးရာတွင် လုံးဝ ပါဝင်ခွင့်မပြုရန်၊

(၄) မဲဆွယ်စည်းရုံးမည့်အိမ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာများ

ခံစားနေရသူ(သို့မဟုတ်) COVID-19 ဓါတ်ခွဲအတည်ပြုလူနာ (သို့မဟုတ်) နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိသူ ရှိပါက အဆိုပါအိမ်သို့ မဲဆွယ်စည်းရုံးရေးအတွက် ဝင်ရောက်ခြင်း မပြုရ၊

(၅) Social Distancing မူနှင့်အညီ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် ဆောင်ရွက်ပါရန်၊

(၆) အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးမှုအား နားထောင်သူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်၍ နားထောင်ရန်၊

(၇) မဲဆွယ်စည်းရုံးသူများအနေဖြင့် ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရ၊

ရွေးကောက်ပွဲမဲဆွယ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်သူများအားလုံးသည် "နှာစေး၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာကျင့်သုံးရသည့်ကျင့်ဝတ်များ" အတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။